Seniors Rights Victoria

သင် သို့မဟုတ် သင်သိသူတစ်ဦး မတရား ဆက်ဆံခံနေရပါက ဆက်သွယ်ပါ Seniors Rights Victoria သို့ ဖုန်းခေါ်ပါ –

1300 368 821

Seniors Rights Victoria (SRV) သည် မတရား ဆက်ဆံခံရသော အသက်ကြီးသူများအား ကူညီပံ့ပိုး ပေးပါသည်။ ဤဝန်ဆောင်မှုများတွင် ပါဝင်သည်မှာ –

- ကူညီရေးဖုန်းလိုင်း။ SRV အသံမေးလ်သို့ လည်း ဆက်သွယ်နိုင်ပါသည်။ သင့်ကို ဖုန်း ပြန်ခေါ်ပေးပါမည်။
- အခမဲ့ သတင်းအချက်အလက်နှင့် အထောက်အပံ့
- အခမဲ့ ဥပဒေရေးရာ အကြံပေးမှု

အသက် 60 နှစ်အထက်လူများအတွက် အခမဲ့ လျှို့ဝှက်အကြံဉာဏ်

အကူအညီနှင့် အကြံဉာဏ်ရယူရမည့်နေရာ

သင် သို့မဟုတ် သင်သိသူတစ်ဦး ဆိုးဆိုးရွားရွား ဆက်ဆံခံနေရပါက ဤဝန်ဆောင်မှုများသည် အသုံးပြုသူ အားလုံးအတွက် အခမဲ့ဖြစ်ပြီး အတွင်းရေးလျှို့ဝှက်ပေး ထားမည်ဖြစ်သည်။

Elders Rights Australia
1800 700 600
သတင်းအချက်အလက်၊ အကျိုးဆောင်မှုနှင့် ပံ့ပိုးမှု

Office of the Public Advocate
1300 309 337
အုပ်ထိန်းမှု၊ စီမံခန့်ခွဲမှုနှင့် လုပ်ပိုင်ခွင့်လွှဲအပ်ခြင်း ဆိုင်ရာ အကြံဉာဏ်များ

Carers Victoria
1800 514 845
စောင့်ရှောက်သူများအတွက် အကြံဉာဏ်နှင့် ပံ့ပိုးမှု

Victoria Police 000
သင် သို့မဟုတ် သင်သိသူတစ်ဦး ဘေးမကင်းသော သို့မဟုတ် အသက်အန္တရာယ်ရှိသော အခြေအနေ တွင် ရောက်ရှိနေပါက

Interpreter **13 14 50**

သင် စကားပြန်တစ်ဦးလိုအပ်ပါက တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု (TIS) ကို ဖုန်းခေါ်ဆိုပြီး မြန်မာဘာသာဖြင့် Seniors Rights Victoria နှင့် စကားပြောရန် ပြောပါ။

VICTORIA

©2025 Ethnic Communities' Council of Victoria
www.eccv.org.au

Burmese | မြန်မာ

eccv
The Voice of Multicultural Victoria

ဂုဏ်သိက္ခာနှင့် လေးစားမှု

မိသားစုနှင့် ဆက်ဆံရေးများ အဆင်မပြေဖြစ်ပါက မည်သည့်တို့ဖြစ်မည်နည်း

အသက်ကြီးလာသည်နှင့်အမျှ ကျွန်ုပ်တို့ အားလုံးတွင် ဂုဏ်သိက္ခာနှင့် လေးစားမှုရပိုင်ခွင့်ရှိပါသည်။

မိသားစုတွင်ဖြစ်စေ၊ လူမှုအသိုက်အဝန်းအတွင်းတွင်ဖြစ်စေ ထိခိုက်စေပြီး ဘေးမကင်းသော အပြုအမူကို လက်မခံနိုင်ပါ။

ၚင်းကို သင်တစ်ဦးတည်း ရင်ဆိုင်ရန်မလိုပါ။ မိသားစုပြင်ပတွင် အကူအညီရနိုင်ပါသည်။

ဂုဏ်သိက္ခာနှင့် လေးစားမှုပြန်လည်ရရှိရန် သင့်အတွက် အကူအညီနှင့် ပံ့ပိုးမှုရရှိနိုင်ပါသည်။

ရပ်ရွာ အသိုက်အဝန်းမှ ဇာတ်ကြောင်းများ

ကျွန်ုပ် ဆေးခန်းရက်ချိန်းများ ပြသရန်နှင့် ကျွန်ုပ်၏ မိတ်ဆွေများနှင့် တွေ့ဆုံရန် ကျွန်ုပ်၏ စောင့်ရှောက်သူဖြစ်သော ကျွန်ုပ်၏ သမီးကို အားကိုးရပါသည်။ သမီးက ထိုသို့ပြုလုပ်ပေးရန် ငြင်းခဲ့သည်။

ကျွန်ုပ်၏ မြေးများနှင့် စကားပြောသည့်အခါတိုင်း ကျွန်ုပ်သည် အင်္ဂလိပ်စကား ကောင်းကောင်း မပြောတတ်သောကြောင့် ၚင်းတို့က ကျွန်ုပ်ကို လှောင်ရယ်ကြသည်။ ကျွန်ုပ်ထင်မြင်သည်ကို ၚင်းတို့အား ပြောသည့်အခါ ၚင်းတို့က “အဘိုးကြီးက ဘာမှမသိဘူး” ဟု ပြောတတ်သည်။ ကျွန်ုပ်သည် နောက်ပြောင်စရာ အဖြစ်မဟုတ်ဘဲ လေးစားမှုကို မျှော်လင့်ပါသည်။

ကျွန်ုပ်ကလေးများသည် ၚင်းတို့၏ အိမ်ငှားခနှင့် ကျသင့်ငွေတောင်းခံလွှာ အစိတ်အပိုင်းများကို မပေးချေကြပါ။ ကျွန်ုပ်သည် အရာအားလုံးအတွက် ကျွန်ုပ်၏ ပင်စင်ကို အသုံးပြုရပြီး ၚင်းသည် ကျွန်ုပ်အတွက် စားစရာနှင့် အခြားစရိတ်များအတွက် ငွေကြေးမလုံမလောက်ဖြစ်စေသည်။

သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များနှင့် ကောင်းကျိုးသုခသည် ကျန်မိသားစုများကဲ့သို့ပင် အရေးပါပါသည်။ အချို့ သက်ကြီးရွယ်အိုများသည် ၚင်းတို့သိပြီး ယုံကြည်ရသူများထံမှ ညှဉ်းပန်းနှိပ်စက်သော သို့မဟုတ် အနိုင်ကျင့်သော အပြုအမူများကို ခံစားရပါသည်။

မတရားဆက်ဆံခံရခြင်းတွင် ပုံစံများစွာ ရှိပါသည်။ ၚင်းသည် သက်ကြီးရွယ်အိုများ၏ ငွေကြေး၊ စိတ်ခံစားမှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ကောင်းကျိုးကို ထိခိုက်စေနိုင်ပါသည်။

မတရားဆက်ဆံခြင်းသည် တမင်ပြုလုပ်ခြင်းဖြစ်နိုင်သည်။ ၚင်းတို့၏ အပြုအမူသည် ၚင်းတို့၏ ချစ်ရသူများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို မသိရှိသောအခါတွင်လည်း ဖြစ်နိုင်ပါသည်။

မတရားဆက်ဆံခြင်းသည် ကျားမ၊ ယဉ်ကျေးမှု သို့မဟုတ် ဘာသာရေးနှင့် မသက်ဆိုင်ဘဲ မည်သူမဆို ဖြစ်နိုင်ပါသည်။

သက်ကြီးရွယ်အိုတစ်ဦးအား မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ဦးက မတရားဆက်ဆံပါကာ လျှို့ဝှက်အကူအညီ ရရှိနိုင်ပါသည်။